လယ်မကျေးရွာအုပ်စု

လယ်မကျေးရွာ၊ဂန့်ဂေါမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

# (၂၀၂၀-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

လယ်မကျေးရွာ၊ဂန့်ဂေါမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်

၂၀၂၀ ခုနှစ်၊ မေလ

# မာတိကာ


မာတိကာ

ကျေးဇူးတင်လွှာ

စကားချီး

လယ်မကျေးရွာသယံဇာတပြမြေပုံ၊ဂန့်ဂေါမြို့နယ်

လယ်မကျေးရွာ ရာသီခွင်ပြဇယား

လယ်မကျေးရွာတွင်းနှင့် ပြင်ပအဖွဲ့အစည်းများရှိမှု

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်

(၁) နိဒါန်း –ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီ အနေအထားနှင့် လွှမ်းခြုံသက်ရောက်မှု

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) ကျန်းမာရေးနှင့် အဟာရ

(ဂ) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(ဃ) ကျား–မ ရေးရာဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊

သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

အဟန့်အတားနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေသောအခြေအနေကောင်းများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၈-၁၉

(၇) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း

(က) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

(ခ) ငွေကြေးနှင့် ဘဏ်လုပ်ငန်းများ

(ဂ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းပိုင်းဆိုင်ရာအထောက်အပံ့

(ဃ) လမ်းပန်းဆက်သွယ်ရေး

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ဦးစားပေးစီမံချက်များ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

(ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်းနောက်ဆက်တွဲ

အပိုင်း(ခ)စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့်ကျား၊မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ချေးငှါခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအစဉ်

ဇယား ၁၀ ထိခိုက်သက်ရောက်နိုင်မှု ခံရနိုင်သည့်သူများ

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်အဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် ရေသွင်းဧရိယာ

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာ ပိုင်ဆိုင်မှု

(၅) သီးနှံအထွက်နှုန်းတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၇ သီးနှံအထွက်နှုန်း တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

(၆) သီးနှံထုတ်လုပ်မှု ပြဿနာနှင့် အခက်အခဲများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား ၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ အတွက် ပြဿနာနှင့်
အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင် သွားလာမှုဖြစ်ပေါ်လာပုံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်
အခက်အခဲများ

ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတက်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေးအခက်အခဲနှင့် ပြဿနာ

ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ရေးရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ အခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေးဝန်ဆောင်မှု အထောက်အပံ့အကူအညီများအား လက်လှမ်းမီမှု

ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

ကိုးကားစာရင်း

## ကျေးဇူးတင်လွှာ

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ခုနှစ်အထိ(၅)နှစ်ကြာအကောင်အထည် ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ရေးဦးစွာစီမံချက်ဖြစ်မြောက်ေ ေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီး ဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။

အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ပါဝင်ဆောင်ရွက်ပေးကြပါသောကျေးရွာသူ-ကျေးရွာ သားများ အားလုံးကို လည်းအထူးကျေးဇူးတင်ရှိပါသည်။

**စကားချီး**

ကျွန်ုပ်တို့ကျေးရွာတွင် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စုပေါင်းစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်းအားလုံးပူးပေါင်းပါဝင် ဆောင်ရွက်မှုအားနည်းခဲ့ပါသည်။စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် လိုအပ်ချက်နှင့် အခက်အခဲများတွေ့ရှိခဲ့ရပါသည်။ သို့ပါသော်လည်း ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့အပြင်လိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာသည်မှာ သေချာပါသည်။ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်သည့်အခက်ခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီစအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်ကို ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုပေါင်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများဆက်လက်ရရှိမည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီ

အစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့် တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

မေလ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

လယ်မကျေးရွာ၊ဂန့်ဂေါမြို့

**လယ်မကျေးရွာသယံဇာတပြမြေပုံ**




## လယ်မကျေးရွာ ရာသီခွင်ပြဇယား

ရာသီခွင်ပြဇယား

| စဉ် | လများ | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
| ၁ | ရာသီဥတု | | | | | | | | နှင်းကျ | နှင်းကျ | နှင်းကျ | | |
| ၂ | ပွဲတော်များ | သင်္ကြန်ပွဲ | | | | | | | ကထိန် | | | | |
| ၃ | လယ်ယာလုပ်ငန်း | | | ပျိုးကျဲ | | | | | | | မြေဆီကျဲ | ဆေးဖြန်း | စပါးရိတ် |
| ၄ | ကျပန်း/ဘောက် | စပါးရိတ် | ကျပန်း | ကျပန်း | | | ကျပန်း | ကျပန်း | စပါးရိတ် | ကျပန်း | ကျပန်း | ကျပန်း | ကျပန်း |
| ၅ | စမ်းစာဖူလုံမှု | | | | | | | | | | | | |
| ၆ | သီးနှံနှင့်မွေးမြူရေး တိရစ္ဆာန်ရောဂါ ကျရောက်မှု | ကြက် | ကြက် | သီးနှံပိုးကျမှု | သီးနှံပိုးကျမှု | သီးနှံပိုးကျမှု | | | | | | | |
| ၇ | သဘာဝဘေး အန္တရာယ် ကျရောက်မှု | | | ရေကြီး | ရေကြီး | ရေကြီး | | | | | | | |

လယ်မကျေးရွာတွင်းနှင့်ပြင်ပအဖွဲ့အစည်းများရှိမှု(VENNDIAGRAN)



အပိုင်း(က)

## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံတော်အတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည် အစီအစဉ် အသစ်ဖြစ်ကြောင်းသိရှိရပါသည်။

**ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း**

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုနိုင်ငံတော် အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာ ပါဝင်ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက်ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှု စီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့် အကြောင်းရင်းခံချက်များ၊(၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊ သတင်း နှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရ အဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေး စီမံချက်ကို မြို့နယ်အဆင့်၊ပြည်နယ်အဆင့် ၊ တိုင်းအဆင့်၊ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ((CSOs)နှင့်

အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထုအမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို ပိုမိုသိရှိ လာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမို သိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်အား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ နှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း ပြုလုပ်လာ နိုင်ပါသည်။

**(ခ) စီမံကိန်း ၏လွှမ်းခြုံသက်ရောက်မှု**

ယခုဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုတွင်း ကျေးရွာလူထုဦးဆောင်ပါဝင်သော လုပ်ကိုင်နည်းဖြင့် စုပေါင်း ရေးဆွဲကြသောကြောင့် အမြင်ရှင်းလင်းမှု ဖြစ်စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်အတွက်လူထုကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြပါသည်။ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုပါဝင်စုစည်းခြင်း ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်ပါ၍လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည် ဂန့်ဂေါမြို့နှင့် (၅)ခန့် ကွာဝေးပြီး အုပ်ချုပ်ရေးမှူးရုံးစိုက်ရာ ဂန့်ဂေါမြို့ နှင့် ဆက်သွယ်သွားလာရန် လယ်ကူချောမွေ့ပါသည်။ ကျေးရွာသည် တောင်ကုန်းတောင်တန်းကြား ဒေသတွင်တည်ရှိပြီးအဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ကိုင်ကြသည်။

**(ခ) သဘာဝအရင်းအမြစ်**

လယ်ယာမြေများရှိပြီး မြေအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ တောင်သူများမှာ မိုးရေဖြင့် လယ်မြေဧက (၁၆၈)ဧက ခန့်ကို စိုက်ပျိုးကြသော်လည်း မိုးရေအလုံအလောက်မရရှိ၍ ချောင်းရေသွင်း၍ စိုက်ပျိုးကြရပါသည်။ ထွန်းယက်စိုက်ပျိုးနိုင်သည့် ဧက(၁၆၈)ဧကရှိပြီး မိုးစပါးနှင့် မြေပဲ၊နှမ်းကိုသာ အဓိက စိုက်ပျိုးကြသည်။ ရာသီပေါ်သီးနှံစိုက်ပျိုးမှုများလည်းရှိသည်။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာ အချက်အလက်များ**

အိမ်ထောင်စုပေါင်း (၂၂၀)စုနှင့် ကျား( ၅၁၆)၊ မ(၅၈၆)ဦးဖြင့် လူဦးရေပေါင်း (၁၁၀၁)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၅)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ(၅)ဦးနှင့်ကိုက်ညီပါသည်။ ကျေးရွာတွင် ဗမာလူဦးရေ အများဆုံး နေထိုင်ပြီး ချင်းလူမျိုးများ အနည်းငယ် နေထိုင်ပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေမှာ လူဦးရေပေါင်း၏ ၇၀% ခန့် ရှိသဖြင့် လူသားအရင်းအမြစ် ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်ပိုမိုများသည်။ အမျိုးသမီးများအတွက် အိမ်တွင်းမှုလုပ်ငန်းများဆောင်ရွက်ပေးသင့်ပါသည်။

**(ခ) ကျန်းမာရေးနှင့်အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝကြပါသည်။ ကလေးငယ် အများစုမှာလည်း ကျန်းမာကြပါသည်။ ကျေးရွာတွင် ဆေးခန်း (၁)ခုရှိပြီး (၅)မိုင်ခန့်သာဝေးသော ဂန့်ဂေါမြို့ရှိ မြို့နယ်ဆေးရုံကြီးရှိသောကြောင့်ကျန်းမာရေး စောင့်ရှောက်မှု အဆင်ပြေပါသည်။ ဆီးချိုသွေးတိုးများရှိသူအနည်းငယ်ရှိသည်ကိုတွေ့ရပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရေသန့်ရှင်းမှု အသိအမြင်များ ရှိကြပါသည်။

ကျေးရွာတွင် သောက်သုံးရေနှင့်ချိုးရေအတွက် တွင်းရေ ချောင်းရေ စိမ်းစမ်း မိုးရေလှောင်ကန်တို့ကို အသုံးပြုကြပါသည်။ တစ်ခါတစ်ရံဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားသည်နှင့် အခြားဆိုးဝါးသောရောဂါများဖြစ်ပွားမှု နည်းပါးကြောင်းတွေ့ရပါသည်။

**(ဂ) ပညာရေးနှင့်ကျွမ်းကျင်မှုများ**

ကျေးရွာရှိပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရပါသည်။ ကျေးရွာသူ/သားအများစုလိုလို အရေးအဖတ် ကျွမ်းကျင်ကြပါသည်။ ကျေးရွာတွင် အလယ်တန်း ကျောင်းခွဲ ရှိပြီး ကျောင်းသားအင်အားနှင့် ကျောင်းဆောင် လုံလောက်မှုရှိပါသည်။ အထက်တန်းပညာကို ဂန့်ဂေါမြို့အထက်တန်းကျောင်းတွင် သွားရောက်ပညာသင်ကြားကြရပါသည်။ ဘွဲ့ရအရေအတွက်မှာ အသင့်အတင့်ရှိပြီး ပညာအရည်အချင်း တက်မြောက်မှုအတော်အသင့်ကောင်းမွန်ပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲ

ဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်။

**(ဃ) ကျား-မရေးရာဆိုင်ရာ**

ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမ ရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာတွင် လူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင်ကျားမအကြားပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန် အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ သို့သော်လည်းကျေးရွာတွင် နေ့တွက်လုပ်အားခများမှာ အမျိုးသားများက ပိုမိုရရှိကြပါသည်။ ဥပမာအားဖြင့် အလုပ်မအားခ သဘာဝနှင့် အင်အားစိုက်ထုတ်မှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခနည်းပြီးရကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့ အစည်းများတွင်မှုအမျိုးသမီးပါဝင်မှုတို့မှာအလွန်လျော့နည်းလျှက် ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့် ပတ်သက်၍အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၂)ဖွဲ့၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာအဖွဲ့အစည်း (၁)ဖွဲ့တို့ရှိပါသည်။ အဖွဲ့အစည်းများအားလုံး စွမ်းဆောင်နိုင်မှု ကောင်းမွန်ပါသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု အသင့်အတင့် ကောင်းမွန်ပါသည်။

**(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေး ကဏ္ဍ**

ကျေးရွာတွင် စပါးနှင့် မြေပဲ၊ နှမ်းကိုသာ အဓိကထား စိုက်ပျိုးကြသည်။ စပါး ပျမ်းမျှအထွက်နှုန်း မှာ (၇၀)တင်းနှင့် မြေပဲ(၃၀)တင်းနှင့် နှမ်း(၅)တင်းတို့ ထွက်ရှိကြသည်။ မိုးရေမလုံလောက်သည့်အခါ ချောင်းရေမှ ရေတင်၍ စိုက်ပျိုးကြပါသည်။

ကျေးရွာတွင် ဒေသထွက်မျိုးရင်းများဖြစ်သော ကျွဲ၊ နွားတို့ကိုသာ မွေးမြူကြသည်။ ရာသီအလိုက်ဖြစ်တက်သော ရောဂါများကြောင့် သေဆုံးပျက်စီးမှုများ ရှိပါသည်။ မွေးမြူရေးဟုဆိုသော်လည်း ကျွဲ၊ နွား တို့ကို ထွန်ယက်စိုက်ပျိုးရန်နှင့် သီးနှံများ သယ်ပို့ဆောင်ရန်သာ မွေးမြူကြပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာနေ့စားအလုပ်များ၊ဈေးရောင်း၊လက်သမားပန်းရံလုပ်ငန်းတို့ဖြစ်ကြပါသည်။အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားလုပ်ငန်းများမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်

များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားခြင်းက ကျေးရွာ၏ အလားအလာကောင်းတစ်ရပ် ဖြစ်သည်။

**(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ စီမံခန့်ခွဲမှု**

ကျေးရွာတွင် စပါးနှင့် အခြား သီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးနှင့် ဓါတုဓါတ်မြေဩဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးနည်းစနစ်အားအသုံးပြုမည်ဆိုပါကအဆင်ပြေနိုင်ပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင် ပလက်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံ၊ ကော်နှင့် ဆက်စပ်သော ပစ္စည်းများ စနစ်တကျ မစွန့်ပစ်ကြသဖြင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူလယ်သမားများသည် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသောချေးငွေကို တစ်နှစ်အတိုးနှုန်း ပြားရစ်ဆယ်ဖြင့် တစ်ဧက(၁၀၀၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး(၁၀) ဧကအတွက် ပုံစံ(၇)ဖြင့်ချေးယူနိုင်ကြသည်။ တစ်ချို့သောအိမ်ထောင်စုများသည် ရွာထဲမှမိတ်ဆွေ၊ မိသားစုထံမှချေးယူကြပါသည်။ ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထားရှိပါသည်။

**(စ) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

သောက်သုံးရေအတွက် လုံလောက်မှုရှိပါသည်။ အိမ်ထောင်စုများသည် ယင်လုံအိမ်သာများကို ဆောက်လုပ်သုံးစွဲကြပါသည်။ တစ်ရွာလုံး ယင်လုံအိမ်သာ သုံးစွဲကြပါသည်။ ထိုကြောင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။ ဘုန်းတော်ကြီးကျောင်းတွင် လုံလောက်သော အိမ်သာများကို စနစ်တကျ ဆောက်လုပ်ထားပါသည်။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု**

လူငယ်များအတွက် ကျေးရွာတွင် အပန်းဖြေအနားယူ နိုင်သည့်နေရာ သီးသန့် မရှိပါ။ ကျေးရွာရှိ လူငယ်များသည် လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း စိတ်ပါဝင်စားစွာ ဆင်နွှဲကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြ ပါသည်။

**(ဇ) အခြေခံအဆောက်အဦး –လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

ရွာတွင်းရှိလမ်းများမှာ မြေသားလမ်းများဖြစ်ပါသည်။ ကုန်းလမ်းခရီးဖြင့်သာ သွားလာကြပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးကို ဒီဇယ်အင်ဂျင်၊ဆိုလာစနစ်တို့ကို အသုံးပြုကြပါသည်။ အသုံးပြုကြပါသည်။ လျှပ်စစ်မီးမှာကျေးရွာ၏ အဓိက လိုအပ်ချက်ဖြစ်ပြီး မဟာဓါတ်အားလိုင်းရရှိရန် ဆောင်ရွက်လျက်ရှိပါသည်။ လျှပ်စစ်ဓာတ်အားရရှိပါက ကျေးလက်နေ ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာနိုင်ပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို လက်လှမ်းမီစွာ အသုံးပြုနိုင်ကြပါသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှု ရရှိခြင်းကြောင့် သတင်းအချက်အလက်နှင့် ဆက်သွယ်မှုများအတွက် အားနည်းချက်များနည်းပါးပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းရေးနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင်ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးပြီးတည်ငြိမ်အေးချမ်းမှုရှိပါသည်။ သို့သော်ရွာသားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သောသတင်းအရင်းအမြစ်များအတွက်လိုအပ်သလိုဆက်သွယ်သိရှိနိုင်ပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိသေးပါ။ ရွာသားများသည်ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားမှုနည်းပါးသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲခြင်း မရှိသေးသော်လည်း ဓါတ်အားလိုင်းရရှိရန်ဆောင်ရွက်လျက်ရှိပါသည်။ကျေးရွာမီးလင်းရေးအတွက် ဒီဇယ်အင်ဂျင်၊ဆိုလာမီးတို့ဖြင့် ကျောင်းသား/ကျောင်းသူများအတွက် ရွာမီးလင်းရေးအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်စေခြင်းနှင့်လူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက်ဆောင်ရွက်နေကြပါသည်။

လူငယ်ပညာတက်များရှိပြီး လူဦးရေအားလုံး၏ (၇၀)ရာခိုင်နှုန်းသည် အလုပ်လုပ်နိုင်သောအရွယ်များဖြစ်ကြသည်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကိုလူငယ်များအားလေ့ကျင့်ပေးခြင်းဖြင့်တိုးတက်လာစေနိုင်ပါသည်။

ကျေးရွာလူထု၏ကျန်းမာရေး အခြေအနေမှ ယေဘုယျအားဖြင့် ကောင်းမွန်ကြပြီး ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း (၁)ခုရှိပြီး ဂန့်ဂေါမြို့ မြို့နယ်ဆေးရုံကြီးတွင် ကျန်းမာရေး ပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အလွယ်တကူ လက်လှမ်းမီနိုင်ကြပါသည်။ ဆေးဝါးကုသလိုမှု အတွက် ဂန့်ဂေါမြို့နယ်ဆေးရုံကြီးသို့သွားရောက်ကုသမှုခံယူနိုင်ကြပါသည်။

သဘာဝအရင်းအမြစ်များ အနေတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာအတော်အသင့်ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ ဆောင်ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် အထောက်အကူဖြစ်ပါသည်။ကျေးရွာတွင် မိုးစပါးကို မိုးရေဖြင့် အဓိကစိုက်ပျိုးကြပြီး မိုးရေမလုံလောက်သည့် အခါချောင်းရေဖြင့် ရေတင်၍ စိုက်ပျိုးရပါသည်။ ကျေးရွာသည် ဂန့်ဂေါမြို့သို့ ကားလမ်းဖြင့် လွယ်ကူစွာကူးသန်းသွားလာနိုင်ပါသည်။

ကျေးရွာတွင် ရာဇဝတ်ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်ပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုဈေးကွက်နှင့်ဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမီအသုံးပြုနိုင်ကြပါသည်။ အင်တာနက်အသုံးပြုမှုမကောင်းမွန်ပါ။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

ကျေးရွာလူထု အားလုံးပူးပေါင်းပါဝင်ပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

(က.၁) ကျွန်ုပ်တို့ ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှု မြင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊သက်မွေးပညာသင်တန်းများရရှိခြင်းမှ ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားတိုးတက်ရရှိလာစေရမည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့်ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရေး နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာ လူထုသည် သက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် စီးပွားရေးအုပ်စုများဖွဲ့ပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှ တဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာစေရမည်။

(က.၄) ကျွန်ုပ်တို့ ကျေးရွာရှိ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အဦး များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီးကောင်းမွန်သော ဈေးကွက်ကြီးကို ဖန်တီးတည်ဆောက်မည်။

(က.၅) ကျွန်ုပ်တို့သည် ဖြစ်ပေါ်လာနိုင်သော သဘာဝ ဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးများကိုချမှတ်ပြီးကျေးရွာသူ/သားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်မည်။

(က.၆) ကျွန်ုပ်တို့သည် ခေတ်မီလယ်ယာများဖော်ထုတ်ပြီး အရည်အသွေးမြင့် စိုက်ပျိုးရေး ထုတ်ကုန်များထုတ်လုပ်မည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှလည်း အထောက်အပံ့ ရရှိမည်ဟု မျှော်လင့်ပါသည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေး စီမံချက်ကို ပြင်ဆင်ရန်ဖြစ်ပါသည်။

**(က) စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး**

ကျေးရွာတွင်မိုးစပါး၊အခြားသီးနှံများကိုစိုက်ပျိုးပါသည်။ ဖျက်ပိုးများ အန္တရာယ်အတွက်လည်း နှိမ်နင်းရေး ဝန်ဆောင်မှုများ လိုအပ်နေပါသည်။ စပါးဈေးနှုန်းကျဆင်းမှုကြောင့် တောင်သူများ အရှုံးနှင့်ရင်ဆိုင်ရပါသည်။

**(ခ) ငွေကြေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများတွင် စိုက်ပျိုးရေးချေးငွေ၊ မွေးမြူရေးချေးငွေ၊ အသေးစားစက်မှု လက်မှုလုပ်ငန်းများအတွက်ချေးငွေနှင့်အိမ်တွင်းမှုစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေများကာလရှည်နှင့် အတိုးနှုန်းသက်သာစွာ ချေးယူရရှိနိုင်ပါက ကျေးရွာဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာနိုင်ပါသည်။ အထူး

သဖြင့် လယ်သမားများသည် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။

**(ဂ) ကျေးလက်အသေးစား စက်မှုလက်မှု လုပ်ငန်းပိုင်းဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းများ ရရှိပါမည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျွန်တော်တို့ ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ လုပ်နိုင်ရန် အခွင့်အလမ်းများရှိနေပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု တည်ထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲမှုအောက်တွင် တစ်နှစ် ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင် အချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။

**( င) လမ်းပန်းဆက်သွယ်ရေး**

ကျေးရွာရွာတွင်းလမ်းများမှာ မြေသားဖြစ်ပြီး အချို့နေရာများတွင် ချိုင့်ခွက်များနေပြီး မြေသားလမ်းများကိုလည်းစနစ်တကျခင်းကျင်းရန်လိုအပ်ပါသည်။ပြောင်းလဲတိုးတက်မှုနှင့်အတူလမ်းများဖွံ့ဖြိုးတိုးတက်လာစေရန်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

**၈။ စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်မည့် အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်း ဆောင်ရွက်မှုများအဖြစ်သဘောထားနားလည်နိုင်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် ငါးနှစ်တာစီ မံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များသို့ ရောက်ရှိရန် ပါဝင်ပေးမည့်ဖွံ့ဖြိုး ရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလက ဖော်ထုတ်ဦးစားပေး တန်းစီးခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များ အတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ ထိုကြောင့် ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာ မြောက်မူဘောင်အတွင်းနှစ်ပတ်လည်ဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုမှ နှစ်သက်ရာအမှတ်ပေးအဆင့် ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တစ်ချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများ ထံမှလည်း နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။

**နှစ်ပတ်လည်ဖွံ့ဖြိုးရေးအစီအစဉ်(လယ်မကျေးရွာ)**

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်လမ်းမြေနီကျောက်စရစ်ခင်းခြင်း | ၁ | ✓ | | | | |
| ၂ | မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရေးစီမံချက် | ၂ | | ✓ | | | |
| ၃ | အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပေးရန် | ၃ | | | ✓ | | |
| ၄ | လျှပ်စစ်မီးရရှိရန် | ၄ | | | | ✓ | |
| ၅ | စိမ့်စမ်းရေသွယ်တန်းရန် | ၅ | | | | | ✓ |

## ဦးစားပေးစီမံချက်များ(လယ်မကျေးရွာ)

| ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးရွာအဆောက်အဦကဏ္ဍ | ၁။လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၁၀၀ | ၁ | ကျေးရွာတွင်လမ်းမြေနီကျောက် စရစ်ခင်းခြင်း | |
| | ၂။ကျေးရွာမီးလင်းရေးကဏ္ဍကောင်းမွန်စေရန် | ၇၈ | ၄ | လျှပ်စစ်မီးရရှိရန် | |
| ကျေးရွာကဏ္ဍ | ၃။ကျေးရွာဖွံ့ဖြိုးတိုးတက်လာ စေရန် | ၈၉ | ၂ | မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရေးစီမံချက် | |
| | ၄။အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်ရွက်ခြင်း | ၈၀ | ၃ | အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပေးရန် | |
| ရေရရှိရေး | ၅။ကျေးရွာသန့်ရှင်းသောသောက်သုံးရေးရရှိနိုင်စေရန် | ၇၇ | ၅ | စိမ့်စမ်းရေသွယ်တန်းရန် | |

နောက်ဆက်တွဲ(၁)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(လယ်မကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | ကျေးရွာအခြေခံအဆောက်အဦကဏ္ဍ | | | | | |
| | ● ကျောင်းသား/ ကျောင်းသူများ စာကျက်နိုင်ရန် အလင်းရောင်ကောင်း စွာမရရှိခြင်း | ● လျှပ်စစ်မီး မရှိခြင်း | ● ကျေးရွာမှ ထည့်ဝင်ငွေ အချို့ရှိခြင်း<br>● ကျေးရွာမှ စိတ်အား ထက်သန်မှုရှိခြင်း<br>● ဆိုလာပြားငယ်များ အသုံးပြုနေသောအိမ်ထေ ာင်စုများခြင်း | ● ပြင်ပအလှူရှင်များ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် မဆက်သွယ်တတ်ခြင်း ငွေကြေးမလုံလောက်ခြင်း | ● လျှပ်စစ်မီးရရှိရန် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ခြင်း | ● လျှပ်စစ်မီးရရှိရန် |
| | ● မိုးရာသီသွားလာ ရေး ခက်ခဲခြင်း | ● ရွာတွင်းလမ်းများ မိုးတွင်းအခါဗွက် အိုင်ထခြင်း | ● ကျေးရွာမှ လုပ်အား ဖြင့် ထည့်ဝင် နိုင်ခြင်း | ● ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင်စုများသောကြောင့် ငွေကြေးမတတ်နိုင်ခြင်း | ● လမ်းဖြစ်မြောက်ရေး ကော်မတီဖွဲ့စည်းခြင်း ကျေးလက်ဦးစီးဌာနသို့တင်ပြ တောင်း ခံခြင်း | ● ရွာတွင်းလမ်းမြေနီ ကျောက်စရစ်ခင်းရန် |

နောက်ဆက်တွဲ(၁)အဆက်

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(လယ်မကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၂။ | ကျေးရွာကဏ္ဍ | | | | | |
| | ●ကျေးရွာတွင်း ရင်းနှီးမြှပ်နှံမှု မလုံလောက်ခြင်း | ●ရင်းနှီးမြှပ်နှံရန် ငွေကြေးမလုံ လောက်ခြင်း | ●စိုက်ပျိုးရေးမွေးမြူရေး လုပ်ငန်းများ ချဲ့ထွင်နိုင်ခြင်း | ●ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင်စုများသောကြောင့် ငွေကြေးမတက်နိုင်ခြင်း | ● ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း | ●မြစိမ်းရောင်ကျေးရွာ စီမံကိန်းရရှိရေးစီမံချက် |
| | ●အခြားဝင်ငွေရလုပ်ငန်းနည်းပါးခြင်း | ●အလုပ်အကိုင်အခွင့်အလမ်းနည်းပါခြင်း | ●ကျေးရွာတွင်အလုပ် လုပ်ကိုင်သူဦးရေ များပြားခြင်း | ●နည်းပညာမရှိခြင်း | ● ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း | ●အသက်မွေးဝမ်း ကျောင်းသင်တန်းများ ဖွင့်လှစ်ပေးရန် |
| ၃။ | ရေရရှိရေးကဏ္ဍ | | | | | |
| | ●သန့်ရှင်းသော သောက်သုံးရေ အခက်အခဲရှိခြင်း | ●ကျေးရွာတွင် ရေတွင်းနည်းပါးခြင်း<br>●စက်ရေတွင်း မရှိခြင်း | ●မြေနေရာအလှူရှင် ရှိခြင်း<br>●ရာသီမရွေးရေရှိလာနိုင်ခြင်း | ●ငွေကြေးမတက်နိုင်ခြင်း | ●ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း | ●စိမ့်စမ်းရေသွယ်တန်းရန် |

နောက်ဆက်တွဲ(၂)

## လယ်မကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP) ကော်မတီစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | ရာထူး | အသက် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးဘညို | ဦးဘသန်းလေး | ၈/ဂဂန(နိုင်) ၀၈၂၇၅၃ | ဥက္ကဋ္ဌ | | 09-404798448 | |
| ၂ | ဒေါ်နှင်းနှင်းခိုင် | ဦးမြင့်အောင် | ၈/ဂဂန(နိုင်) ၀၈၄၈၃၉ | စာရင်းကိုင် | | 09-404798448 | |
| ၃ | ဦးဆန်းတင့် | ဦးကြွယ်စိန် | ၈/ဂဂန(နိုင်) ၀၅၀၆၃၃ | ဘဏ္ဍာရေးမှူး | | 09-784725033 | |
| ၄ | ဦးခင်မောင် | ဦးပြူးလေး | ၈/ဂဂန(နိုင်) ၀၈၂၉၈၁ | သောကိုင်-၁ | | 09-47141862 | |
| ၅ | ဦးဝကျော် | ဦးပြူးကြီး | ၈/ဂဂန(နိုင်) ၀၈၄၁၄၃ | သောကိုင်-၂ | | | |
| ၆ | ဒေါ်ဝင်းနွဲ့ | ဦးမောင်ဖေ | ၈/ဂဂန(နိုင်) ၀၁၁၅၈၈ | အဖွဲ့ဝင် | | | |
| ၇ | ဒေါ်ခင်စန်းဝင်း | ဦးစံပြ | ၈/ဂဂန(နိုင်) ၀၇၈၃၅၃ | အဖွဲ့ဝင် | | | |
| ၈ | ဒေါ်ထားထား | ဦးဝကျော် | ၈/ဂဂန(နိုင်) ၀၇၅၂၈၉ | အဖွဲ့ဝင် | | | |
| ၉ | ဒေါ်လှနွယ် | ဦးစစ်အောင် | ၈/ဂဂန(နိုင်)၀၉၂၅၈၈ | အဖွဲ့ဝင် | | | |
| ၁၀ | ဦးလှမြင့် | ဦးကျော်တင် | ၈/ဂဂန(နိုင်)၀၁၁၄၈၇ | အဖွဲ့ဝင် | | 09-441261093 | |
| ၁၁ | ဦးသန်းစိုးလင်း | ဦးမောင်ညွန့် | ၈/ဂဂန(နိုင်) ၀၈၂၉၈၁ | အတွင်းရေးမှူး | | 09-262500032 | |

# အပိုင်း(ခ)

## ကျေးရွာဆိုင်ရာအချက်အလတ်များ

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ

ကျေးရွာ - လယ်မ
ကျေးရွာအုပ်စု - လယ်မ
မြို့နယ် - ဂန့်ဂေါ
တိုင်းဒေသကြီး / ပြည်နယ် - မကွေးတိုင်းဒေသကြီး

**စီမံချက်အမည်** – ကျေးရွာတွင်း မြေနီကျောက်စရစ်ခင်းရန်(၄၈၀၀’ ×၁၂’×၆”)

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်သဖြင့် မိုးရာသီတွင် ကျောင်းသား/သူနှင့် ကျေးရွာလူထုတို့ သွားလာရန် အခက်အခဲဖြစ်ပေါ်ခြင်း

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျေးရွာလူထုသွားလာရေး ပိုမိုကောင်းမွန်လာစေရန် ၊
- ကျောင်းသူ/ကျောင်းသားများ သွားလာရေး ပိုမိုကောင်းမွန်စေရန်

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ကျေးရွာ လူထုသွားလာရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်။
- ကျောင်းသားကျောင်းသူများ သွားလာရေး ပိုမိုကောင်မွန်လာမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- **လယ်မ ကျေးရွာတွင်း** မြေနီကျောက်စရစ်လမ်း (၄၈၀၀’ ×၁၂’×၆”) **ဆောင်ရွက်ခြင်း၊**

**စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု**

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀(ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • ၁၀၀၀၀၀၀(ငွေသား) | • ကျေးရွာ |
| • __________ (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၅၁၆ | ၅၈၅ | ၁၁၀၁ | ၇၀ | ၁၀၀ | ၃၀ | ၁၀ | ၂၁၀ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၅၁၆ | ၅၈၅ | ၁၁၀၁ | ၇၀ | ၁၀၀ | ၃၀ | ၁၀ | ၂၁၀ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- **လယ်မကျေးရွာ** ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း –** ၂၀၂၀ ခုနှစ်၊မတ်လ

**(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၂၀ခုနှစ်၊မေလ

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- **လယ်မကျေးရွာ** **ကျေးရွာတွင်း**မြေနီကျောက်စရစ်လမ်း **ဆောင်ရွက်ရာတွင်** ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ရွာသူရွာသားများ၊ ပူးပေါင်းဆောင်ရွက်သွားပါမည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၉ | ၁၆ | ၂၅ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၃၀ | ၄၇ | ၇၇ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၅၇ | ၅၄ | ၁၁၁ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၄၇ | ၅၇ | ၁၀၄ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၄၅ | ၃၇၂ | ၇၁၇ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၈ | ၃၉ | ၆၇ | | |
| စုစုပေါင်း | | ၅၁၆ | ၅၈၅ | ၁၁၀၁ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၂၂၀ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ နို့စို့အရွယ်ကလေးငယ်မှာ အနည်းဆုံးဖြစ်ပြီး (၅)နှစ်အောက်ကလေးငယ်မှာ အသင့်အတင့် ရှိ၍ အလယ်တန်းကျောင်းသားအရွယ်နှင့် အလုပ်လုပ်နိုင်သည့်အရွယ်များ ပေါများပြီး သက်ကြီးရွယ်အိုများလည်း အသင့်အတင့်တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ချောစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုရေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၇၉ | | | | | | မြင့် ☐ လတ်✓နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၅ | | | | | | မြင့် ☐ လတ်☐ နိမ့် ✓ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၀၀ | | | | | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၀ | | | | | | မြင့် ☐ လတ်☐ နိမ့် ✓ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ✓ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်✓ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
